# Citizen Action for Transparency

# စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကြေးနီမိုင်းများ၏ လက်ရှိအခြေအနေ











# စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကြေးနီမိုင်းများ၏ လက်ရှိအခြေအနေ

## နောက်ခံအကြောင်းတရားများ

၂၀၁၀ ရွေးကောက်ပွဲနှင့်အတူတက်လာပြီး စစ်တပိုင်းအစိုးရဟုခေါ်တွင်ခဲ့ကြသော ဦးသိန်းစိန်အစိုးရလက်ထက်တွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဒေသခံများက ဆန္ဒပြသပိတ်မှောက်ခဲ့ကြသည်။ ဝက်မွေးကျေးရွာသူများဖြစ်သည့် မသွဲ့သွဲ့ဝင်း၊ မအေးနက် နှင့် မဖြူဖြူဝင်းတို့သည် မုံရွာ ဆုတောင်းပြည့် ဘုရား၌ ဝတ်ပြုဆုတောင်းခဲ့ရာမှ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် အာဏာပိုင်တို့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးနောက်ပိုင်း လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား ဒေသခံများ၏ ကန့်ကွက်ဆန္ဒပြမှုများသည် အရှိန်အဟုန်ပြင်းစွာ မြင့်တက်ခဲ့သည်။




ထို့နောက် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နေ့တွင် ဝမ်ပေါင်ကုမ္ပဏီ ( **Myanmar Wanbo Mining Copper Ltd.** ) ရှေ့၌ စီမံကိန်းရပ်တန့်ရန် ဆန္ဒပြတောင်းဆိုသော သပိတ်စခန်းကို အာဏာပိုင်တို့က အကြမ်းဖက်ဖြိုခွဲရာမှ သံဃာတော်များနှင့် လူများ ထိခိုက်ဒဏ်ရာရခဲ့ပြီး သံဃာတော်များမီးလောင်ဒဏ်ရာရရှိခဲ့သည့် ဖြစ်ရပ်မှသည် ( သပိတ်စခန်းဖြိုခွင်းရာတွင် သုံးသည့်ဗုံးအား ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာတွင် မီးခိုးဗုံးဟု ဖော်ပြသုံးနှုန်းခဲ့သော်လည်း ဆန္ဒပြရာတွင်ပါဝင်သော သံဃာတော်များကမူ မီးခိုးဗုံးမဟုတ်ဟု ဆိုခဲ့သည် ) လက်ပံတောင်ကြေးနီစီမံကိန်းအပေါ် ဒေသခံတို့၏ ဆန့်ကျင်ကန့်ကွက်မှုနှင့် နအဖ၊ နဝတ စစ်အစိုးရလက်ထက်ကတည်းက ဖော်ဆောင်လုပ်ကိုင်ခဲ့သော တရားဥပဒေကင်းမဲ့သည့် ကြေးနီစီမံကိန်းများကို ကမ္ဘာတစ်ဝှန်းလုံး သိမြင်စေခဲ့သည်။





မီးခိုးဗုံးမဟုတ်တာတော့ သေချာတယ်။ စစ်တပ်၊ စစ်ခရိုနီတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်က အရွေ့တစ်ခုကို သွားချင်လို့ အခုလို သုံးလိုက်တာလို့ မြင်တယ်။ အက်စစ်ဓာတ် ( သို့မဟုတ် ) မီးစုန်းဓာတ်တစ်ခုခုပါတဲ့ဟာ ဖြစ်လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ထိခိုက်တဲ့လူတိုင်းမှာ ရေနဲ့ထိလို့မရဘူး။ ရေနဲ့ထိရင် ပြန်ပြီးတော့ ထိခိုက်တဲ့နေရာတွေက ပြန်ပွထလာတယ်။ ဒါကြောင့် အက်စစ်ဓာတ် ( သို့ ) မီးဓာတ်တစ်ခုခုနဲ့ လုပ်ထားတဲ့ ဗုံးအမျိုးအစားဖြစ်ပါလိမ့်မယ်။ စံပါယ်၊ ယန်စီနဲ့ လက်ပံတောင်းအားလုံး သဘာဝပတ်ဝန်းကျင် အင်မတန်ထိခိုက်ပါတယ်။ ကုမ္ပဏီတွေကလည်း သဘာဝပတ်ဝန်းကျင်ကို အလေးမထားကြဘူး။ ဒေသ၊ ပတ်ဝန်းကျင်ကို အလေးမထားကြဘူး။ များများထုတ် များများယူကြတယ်။ နှစ်စဉ် တန်ချိန် အမြဲတမ်းပိုထုတ်တယ်။ အဲ့ဒီလို ပိုထုတ်ပေမယ့် စောင့်ကြည့်လေ့လာပြုပြင်မှုအပိုင်းမှာတော့ လားလားမှ မရှိသလို ကာကွယ်ထိန်းသိမ်းမှုအပိုင်းမှာ အရမ်းအားနည်းပါတယ်။ ဒေသတွင်းမှာလည်း စီမံကိန်းနဲ့ပတ်သက်ပြီး လုပ်ဆောင်ပေးရမယ့် အချက်အလက်တွေ လုပ်ဆောင်ပေးတာလည်း အရမ်းအားနည်းတာတွေ အများကြီးအားနည်းတာတွေ အများကြီး ရှိနေပါတယ်။ အဲဒီတော့ တောတောင်ဆိုတာ မည်သူတစ်ဦးတစ်ယောက်ကမှ လုပ်ဆောင်လို့မရတဲ့အတွက် ဘယ်လိုကတိကဝတ်တွေ ရှိစေကာမူ ဖျက်သိမ်းသင့်ပါတယ်။ အကယ်၍ လုပ်ဆောင်မည်ဆိုလျှင်လည်း စစ်တပ်၊ စစ်ခရိုနီတွေပိုင်တဲ့ ကုမ္ပဏီမဟုတ်ဘဲ နိုင်ငံပိုင်အဖြစ်အနေနဲ့ လုပ်သင့်ပါတယ်။

“ဦးအာလောက”

ဇီးတောရွာ

# စံပါယ်တောင်နှင့် ကြေးစင်တောင်ကြေးနီစီမံကိန်းများ

စံပယ်တောင်နှင့် ကြေးစင်တောင်ကြေးနီစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်များတွင် တည်ရှိသည်။ ယင်းစီမံကိန်းသည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာယန်စီကုမ္ပဏီ ( My-anmar Yang Tse Copper Limited ) တို့ Production Sharing Contract ( PSC ) စနစ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းတစ်ခုဖြစ်သည်။ စီမံကိန်းအား မူလက အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် Ivanhoe Myanmar Holdings Ltd. ( IMHL) တို့ ပူးပေါင်း၍ Myanmar Ivanhoe Copper Company Limited (MICCL) အမည်ဖြင့် ဖွဲ့စည်းပြီး Joint Venture Agreement ( JVA) စနစ်ဖြင့် ၁၉၉၈ မှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအကုန်အထိ ကြေးနီသတ္တုစင်များ ထုတ်လုပ်မှုကို ဆောင်ရွက်ခဲ့သည်။ MICCL ၏ အမှတ် (၁) အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ပိုင်ဆိုင်သည့်အစုရှယ်ယာ (၅၀% )ကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အမေရိကန်ဒေါ်လာ(၁၀၀) သန်းဖြင့်လည်းကောင်း၊ လည်းကောင်း၊ Ivanhoe Myanmar Holdings Ltd.( IMHL) မှ ပိုင်ဆိုင်သည့်အစုရှယ်ယာ (၅၀%) ကို Yang Tse Mining Ltd. မှ အမေရိကန်ဒေါ်လာ(၁၀၀) သန်းဖြင့် လည်းကောင်း ၁.၁.၂၀၁၁ ရက်နေ့မှစ၍ လွှဲပြောင်းလက်ခံ ယူခဲ့သည်။ MICCL ထံမှ အစုရှယ်ယာများဝယ်ယူပြီးနောက် မြန်မာ့စီးပွားရေးဦးပိုင်နှင့် မြန်မာယန်စီတို့သည် JVA ဖက်စပ်စနစ်အစား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ် Production Sharing Contract (PSC) စနစ်ကို ပြောင်းလဲစာချုပ်ချုပ်ဆိုခဲ့သည်။




PSC စာချုပ်အရ မိုင်းပါမစ်ကို မြန်မာ့စီးပွားရေးဦးပိုင်မှ ထိန်းသိမ်းထားပြီး မြန်မာယန်စီကို မိုင်းလုပ်ကိုင်ခွင့် ခွင့်ပြုပေးထားခြင်းဖြစ်သည်။ အကျိုးအမြတ်ခွဲဝေရာတွင် မြန်မာ့စီးပွားရေးဦးပိုင်မှ (၅၁%)၊ မြန်မာယန်စီကော့ပါးလီမိတက်မှ (၄၉%) ရရှိပြီး နိုင်ငံတော်အနေဖြင့် ထုတ်လုပ်မှု၏ (၄%) ကို Royalty အဖြစ် လည်းကောင်း၊ Dead Rent မြေငှားရမ်းခ (၁) စတုရန်းကီလိုမီတာလျှင် နှစ်စဉ် ကျပ်သိန်း (၃၀) နှုန်းနှင့် သတ်မှတ်ထားသည့် ကုန်သွယ်ခွန်၊ ဝင်ငွေခွန် စသည့် အခွန်အခများကို ရရှိသည်။ ယခုအခါ တစ်နှစ်လျှင် ကြေးနီ (၅၀၀၀၀ ) တန် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ယခုအခါ တစ်နှစ်လျှင် ကြေးနီ (၅၀၀၀၀ ) တန် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ကြေးနီ (၄၈၉၁၀.၃၃၆)

တန် ထုတ်လုပ်ခဲ့သည်။ ကြေးစင်တောင်သက်တမ်းမှာ စတင်ခွင့်ပြုချိန် ၃.၁.၂၀၁၁ မှ ၂.၁.၂၀၃၆ ထိတစ်ကြိမ် ၅.၁၁.၂၀၁၄ မှ ၂.၁.၂၀၃၆ ထိတစ်ကြိမ် ဖြစ်သည်။ စပါယ်တောင် open mine pit မှာ စီးပွားဖြစ်ထုတ်လုပ်ရန် တွက်ချေမကိုက်တော့ဟုဆိုကာ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ မိုင်းပိတ်သိမ်းမှုလုပ်ငန်းများအား ဩစတေးလျနိုင်ငံ Knight Pie’sold ( KP) ကုမ္ပဏီ၏ Guide Line နှင့်အညီ မိုင်းပိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု ကုမ္ပဏီက ဆိုသည်။ ယခုအချိန်တွင် ကြေးနီထုတ်လုပ်မှုလုပ်ငန်းများအား ကြေးစင်တောင် open mine pit မှသာ ထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်း၏ လက်ရှိဧရိယာအကျယ်အဝန်းမှာ (၆၀၃၅.၅၅) ဧကဖြစ်ပြီး ၅.၁၁.၁၉၉၇ မှ ၄.၁၁.၂၀၂၇ ခုနှစ်အထိ နှစ် (၃၀) မြေဂရန်အား အမှတ်(၁)သတ္တုတွင်းလုပ်ငန်းအမည်ဖြင့် ရရှိထားသည်။ ရင်းနှီးမြုပ်နှံမှုပမာဏမှာ USD ၃၉၈.၅၆ သန်းဖြစ်ကာ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။





စံပါယ်နှင့် ကြေးစင်တောင်စီမံကိန်းကို နဝတ၊ နအဖ စစ်အစိုးရလက်ထက်တွင် စတင်တူးဖော်ထုတ်လုပ်ခဲ့ပြီး စီမံကိန်းစတင်ခဲ့စဉ်ကတည်းက ဒေသခံများ၏ သဘောတူညီမှုမရှိဘဲ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး မြေယာလျော်ကြေးနှင့် မြေယာပြဿနာများ၊ စီမံကိန်း၏ CSR/CSD လုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ စံပါယ်တောင်မိုင်းပိတ်သိမ်းသည့် အစီအစဉ်များသည်လည်း ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် စီမံကိန်းတွင်အလုပ်သမားပြဿနာများ စသည်တို့သည် NLD အစိုးရလက်ထက်အထိ ပြေလည်အောင်ဖြေရှင်းနိုင်မှုမရှိခဲ့ပေ။



Source– ဧရာဝတီ

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်း




လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်အတွင်းတည်ရှိသည်။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် NORI-NCO ( China North Industry Corporation) ၏ လက်အောက်ခံဖြစ်သော Wanbo Mining Copper Ltd. တို့မှ ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေခံစားသည့်စာချုပ် PSC ( Production Sharing Contract) အား ၃.၆.၂၀၁၀ တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ မူလစာချုပ်အရ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ( ၅၁ % ) နှင့် မြန်မာ၀မ်ပေါင်မှ ( ၄၉ % ) ရယူခဲ့ပြီး နိုင်ငံတော်အနေဖြင့် ဓာတ်သတ္တုခွန် ( ၄ % )နှင့် အခွန်အခ ( ကုန်သွယ်ခွန်+ ဝင်ငွေခွန် ) ရရှိသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအရ PSC ( Production Sharing Contract ) စာချုပ်အား ၂၄.၇.၂၀၁၃ တွင် ပြင်ဆင်ချုပ်ဆိုခဲ့ပြီး ပြင်ဆင်ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် အမြတ်ခွဲဝေသည့်စနစ်စာချုပ်အရ နိုင်ငံတော်အနေဖြင့် အခွန်အခများအပါအဝင် အကျိုးအမြတ်၏ နိုင်ငံတော်အနေဖြင့် အကျိုးခံစားခွင့် ၅၁ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမီတက် မှ ၁၉ ရာခိုင်နှုန်း နှင့် မြန်မာ၀မ်ပေါင်မှ ၃၀ ရာခိုင်နှုန်း ရရှိသည်။ စာချုပ်အရ ၅.၅.၂၀၁၆ ရက်နေ့မှစ၍ စီးပွားဖြစ်ထုတ်လုပ်မှု စတင်ဆောင်ရွက်ခဲ့ပြီး ထုတ်လုပ်မှုစွမ်းအားမှာ ( ၁ ) နှစ်လျှင် Cathode Copper( 100000 Ton/yr ) ဖြစ်ကာ ၂၀၁၆ ခုနှစ်တွင် Trial Production အဖြစ် ( ၂၁,၄၇၆.၉၆၃ ) Ton ထုတ်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် နှစ်ကုန်မှစ၍ ကြေးနီတန်ချိန် ( ၁၀၀,၀၀၀ ) ထိအောင် တိုးမြှင့်ထုတ်လုပ်သွားမည်ဟု ဆိုသည်။






လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား ဒေသခံတို့၏ ပြင်းထန်သော ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုများကြောင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကာ ကော်မရှင်အစီရင်ခံစာပါ အကြံပြုချက်များအရ စီမံကိန်းစာချုပ်များကို အသစ်ပြန်လည်ချုပ်ဆိုပြီး နောက်ပိုင်းတွင် ဒေသခံများကို နောက်ထပ်လျော်ကြေးများ ထပ်မံပေးခဲ့ကြသော်လည်း အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော ရေရှည်ပြဿနာများကိုမူ ယနေ့တိုင် ဖြေရှင်းပေးနိုင်ခြင်းမရှိပါ။ စီမံကိန်းနှင့် ဒေသခံများအကြား ပြဿနာများ ဆက်ရှိနေခဲ့ပြီး ဒေသခံများက ဆန္ဒပြကြသည့်အခါတိုင်း ရဲများက အင်အားအလွန် အကျွံ သုံးစွဲခဲ့ကြသည့်အတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ရက်နေ့တွင် မိုးကြိုးပြင်ရွာသူ ဒေါ်ခင်ဝင်းသည် ရဲများ၏ပစ်သတ်မှုကြောင့် ဦးခေါင်းကျည်ဆံထိမှန်ပြီး သေဆုံးခဲ့ရပါသည်။ ရဲတပ်ဖွဲ့ကလက်နက်မဲ့ ဆန္ဒပြပွဲများကို နှိမ်နင်းရာတွင် ပြုမူဆောင်ရွက်ပုံများမှာ နိုင်ငံတကာဥပဒေနှင့် ဆန့်ကျင်သွေဖယ်လျက်ရှိနေခဲ့သည်။









လက်ပံတောင်းတောင်စီမံကိန်း နှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ်သက်ရောက် မှု လေ့လာအကဲဖြတ်ချက် (ESIA) ကိုလေ့လာကြည့်ပါက လူမှုရေး နှင့် ကျန်းမာရေး အစိတ်အပိုင်းများ၏ လေ့လာဆန်းစစ်ချက်များမှာ အပေါ်ယံမျှသာဖြစ်နေသည်။ မြေယာဆုံးရှုံးမှုများ၊ စားကျက်မြေဆုံးရှုံးမှုများ နှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အရေးဆုံးရှုံးမှုများအပေါ် သက်ရောက်မှုများ ကိုသုံးသပ်ထားမှုများ ပါဝင်ခြင်းမရှိပါ။

လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်မည် ဟု စီမံကိန်းဘက်မှ ကတိကဝတ်ပြုခဲ့သော်လည်း လိုက်နာဆောင်ရွက်မှု လုံးဝမရှိခဲ့ဘဲ စီမံကိန်းလုပ်ဆောင် နေသော လက်ပံတောင်းတောင်အနီး ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ သိသာထင်ရှား လာခြင်း ( စီမံကိန်းဧရိယာအနီး ကျေးရွာများတွင် ရေအရည်အသွေး လျော့နည်းကျဆင်းလာခြင်းများ၊ စီမံကိန်းဧရိယာအနီး ကျေးရွာများရှိ ရေတွင်းရေကန်များတွင် ရေများယခင်ထက်လျော့နည်းခန်းခြောက်လာခြင်း ၊ လေထုအရည်အသွေးလည်း တဖြည်းဖြည်း သိသာစွာကျဆင်းလာခြင်း၊ လေထုထဲမှ အက်စစ်ငွေ့နှင့် ဖုန်မှုန့်တို့ကြောင့် စီမံကိန်းအနီးကျေးရွာများမှ သီးနှံစိုက်ခင်းများသည် သိသာစွာအထွက်နှုန်းကျဆင်းခြင်း၊ ပျက်စီးခြင်းများ ဖြစ်နေခြင်း )၊ တူးဖော်မှုတွင် စီမံကိန်းဘက်မှ ESIA လိုက်နာဆောင်ရွက်မှု မရှိနေသည်ဟု ဒေသခံများဘက်မှ ဝေဖန်မှုများရှိခဲ့ခြင်း၊ အလုပ်သမားပြဿနာများရှိနေခြင်း ( စီမံကိန်းတွင် အလုပ်ခန့်အပ်ပေးသော်လည်း အလုပ်မရရှိသောသူများ ရှိနေခြင်း၊ အလုပ်ရရှိသော်လည်း အလုပ်သမားအခွင့်အရေးဆုံးရှုံးနစ်နာမှုများ ရှိနေခြင်း )၊ မြေယာလျော်ကြေးပေးရာတွင်လည်း ပြဿနာများရှိနေဆဲဖြစ်ခြင်း စသည့် ပြဿနာများစွာရှိနေသော်လည်း ထိုပြဿနာများကို စီမံကိန်းဘက်မှ မသိကျိုးကျွံပြုခဲ့သည်။ လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဦးဆောင်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်သည် ( NLD အစိုးရလက်ထက် ) လည်း အာဏာရအစိုးရ ဖြစ်လာသောအခါ ၎င်းကိုယ်တိုင်ဦးဆောင်ခဲ့သော လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာပါ အချက်များကို ဆောင်ရွက်ပေးရန်နှင့် စီမံကိန်းလုပ်ဆောင်နေသောကုမ္ပဏီများကို တွန်းအားပေးရန် အားနည်းခဲ့သည်။



ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာထွက်ရှိပြီးနောက် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီကို ဖွဲ့စည်းခဲ့သော်လည်း NLD အစိုးရလက်ထက်တွင် ထိုအဖွဲ့ကို ဖျက်သိမ်းကာ စုံကော်အစီရင်ခံစာပါအချက်အလက်များအတိုင်း မဆောင်ရွက်ခဲ့ဘဲ JIT (Joint Implementation Team) ကိုသာထပ်မံဖွဲ့စည်းခဲ့ပြီး JIT သည် စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာကို အကောင်အထည်ဖော်မှု အားနည်းခဲ့ကာ မည်ကဲ့သို့ဆောင်ရွက်နေသည်ကိုလည်း ရှင်းရှင်းလင်းလင်း မသိခဲ့ရပေ။




## ရည်ရွယ်ချက်

(၁) နွေဦးတော်လှန်ရေးကာလအတွင်းလက်ပံတောင်းစီမံကိန်း လက်ရှိအခြေအနေကို အများပြည်သူသိရှိနိုင်ရန်

(၂) စစ်အာဏာသိမ်းပြီးနောက်ပိုင်း လက်ပံတောင်းစီမံကိန်း ရပ်ဆိုင်းနိုင်အောင်ဆောင်ရွက်ကြိုးပမ်းခဲ့မှုများကို အသိအမှတ်ပြုမိကြစေရန်

(၃) လက်ပံတောင်းစီမံကိန်းကြောင့်လူမှုဘဝဆိုင်ရာ၊သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ နှင့်ကျန်းမာရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို တရားမျှတမှုများနှင့် ပြန်လည်ဖော်ထုတ်ပြီးအရေးယူ ဆောင်ရွက်ပေးနိုင်ရန်

(၄) လူ့အခွင့်အရေးနှင့် လူရာဇဝတ်မှု ဆိုင်ရာကိစ္စရပ်များအတွက်ထိခိုက်နစ်နာမှုများကို တရားမျှတမှုများနှင့် ပြန်လည်ဖော်ထုတ်ပြီးအရေးယူ ဆောင်ရွက်ပေးနိုင်ရန်

(၅) လက်ပံတောင်းစီမံကိန်းကဲ့သို့ နိုင်ငံအတွင်းရှိအကြမ်းဖက်စစ်တပ်၏ ဆက်စပ်အကျိုးစီးပွားများအားလုံးကို ရပ်ဆိုင်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်

**“ ဒီစီမံကိန်းဟာ စတင်လုပ်ခဲ့ကတည်းက တရားမျှတမှုမရှိဘူး၊ ဥပဒေနဲ့အညီ လုပ်ဆောင်တာတွေလည်းမရှိဘူး၊ ပွင့်လင်းမြင်သာမှုမရှိခဲ့တဲ့အတွက်ကြောင့်ကို ကျွန်မတို့ ဒေသခံတွေက ဆန့်ကျင်ခဲ့တယ်။ ဆန့်ကျင်ခဲ့တဲ့အပေါ်ကိုမှ NLD အစိုးရကလည်း မဟုတ်မမှန်တာကြီးကို သိသိရက်နဲ့ကို ပြောင်းလဲမှုကို လုပ်မပေးနိုင်ခဲ့ဘူး။ အခု စစ်တပ်က တကျော့ပြန် အာဏာ ပြန်သိမ်းလိုက်ပြန်ပြီ။ အာဏာပြန်သိမ်းလိုက်တဲ့အခါကျတော့ တော်လှန်ရေးအောင်မြင်ပြီးနောက်တက်မယ့် NUG အစိုးရပဲဖြစ်ဖြစ် ဘယ်သူပဲတက်တက်ပေါ့ သူတို့ကနေပြီးတော့ ဒီစီမံကိန်းအပေါ်မှာ ပြန်လည်စစ်ဆေးပေးရမယ်။ ဘယ်လိုစစ်ဆေးရမလဲဆိုတော့ ဥပမာ နိုင်ငံတကာနဲ့ဆိုလို့ရှိရင် ဒီနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ရှိရင် ပညာရှင်အဆင့်ကလွဲပြီး အလုပ်သမားတွေ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံတဲ့သူဘက်ကနေပြီးတော့ အလုပ်သမားတွေ ခေါ်မလာရဘူး အဲ့ဒါတွေကအစ စစ်ဆေးရမယ်။ ပညာရှင်မဟုတ်ပဲ ခေါ်လာပြီး ခန့်ထားတဲ့ နိုင်ငံခြားကအလုပ်သမားတွေကို သူတို့ နိုင်ငံကို ပြန်ပို့ပေးစေချင်တယ်။ နောက်တစ်ခါ ဒီစီမံကိန်းရဲ့ ငွေကြေးနဲ့ ကြေးနီထုတ်လုပ်မှု စတဲ့စာရင်းတွေကို NLD အစိုးရလည်း မထိန်းချုပ်နိုင်ခဲ့ဘူး။ တခြားအဝင်အထွက်စာရင်းတွေလည်း မထိန်းချုပ်နိုင်ခဲ့ဘူး။ လက်ပံတောင်းကထွက်ခဲ့တဲ့ ကြေးတန်ချိန်တွေကိုလည်း သူတို့မစစ်ဆေးနိုင်ခဲ့ဘူး မချုပ်ကိုင်နိုင်ခဲ့ဘူး။ အဲ့ဒါတွေကိုလည်း အစအဆုံးပြန်စစ်ဆေးရမယ်။ နောက်ပြီး ဒေသခံတွေနဲ့ ဒီလယ်ယာမြေလျော်ကြေး၊ နစ်နာကြေးတွေကိုလည်း ဥပဒေနဲ့အညီ ပြေလည်အောင် ပြန်လည်ဆောင်ရွက်ရမယ်။ ESIA စစ်တမ်းတွေကိုလည်း ပြန်လည်စီစစ်ပြီးမှ ဒီစီမံကိန်းကို ပြန်လုပ်သင့်တယ်လို့ ကျွန်မကတော့မြင်တယ်”**

**“မသွဲ့သွဲ့ဝင်း”**

**ဝက်မွေးကျေးရွာဟောင်း**

## အကျဉ်းချုပ်တွေ့ရှိချက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ(၁)ရက် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံတဝှန်းရှိ အစိုးရဝန်ထမ်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ ဝန်ထမ်းများက စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု CDM (Civil Disobedience Movement ) တွင် တက်ကြွစွာပါဝင်လာသောကြောင့် အစိုးရယန္တရားများနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းများပါ ရပ်ဆိုင်းသွားခဲ့သည်။ ထိုအချိန်ကာလတွင် အာဏာသိမ်းစစ်တပ်သည် CDM ပြုလုပ်သောဝန်ထမ်းများကို နည်းမျိုးစုံသုံးပြီး ဖမ်းဆီးရိုက်နှက်ခြင်း၊ အကြည်ညိုပျက်စေမှု ၅၀၅(ခ) ဖြင့် တရားစွဲဆိုခြင်း၊ မိသားစုလိုက်ဖမ်းဆီးတရားစွဲဆိုခြင်းနှင့်အတူ မတရားအသင်းဆက်သွယ်မှုဆိုင်ရာ ပုဒ်မ (၁၇/၁) ဖြင့်ပါ တရားစွဲဆိုပြီး ရက်စက်စွာနှိပ်ကွပ်ခဲ့ကြသည်။ သို့သော်လည်း အာဏာသိမ်းခြင်းကို လက်မခံနိုင်သောကြောင့် CDM ပြုလုပ်ခဲ့ကြသော အစိုးရဝန်ထမ်းများ နှင့် ပုဂ္ဂလိကဝန်ထမ်းများသည် ဖမ်းဆီးနှိပ်ကွပ်ခံရခြင်းကို မမှုဘဲ ကြံ့ကြံ့ခံရင်ဆိုင်ကာ ဆက်လက်ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်မှာ ယနေ့ထိတိုင်ဖြစ်သည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရပ်ဆိုင်းသွားခြင်းသည် ဒေသခံများနှင့် စီမံကိန်းဝန်ထမ်းအားလုံးနီးပါး အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် အပြည့်အဝပါဝင်လာခြင်းကြောင့် ဖြစ်သည်။ ဤကဲ့သို့ အကြမ်းဖက်စစ်တပ်၏ ဝင်ငွေရလမ်းကြောင်းတစ်ခုကို ဖြတ်တောက်နိုင်မှုသည် တော်လှန်ရေးအတွက် အရေးပါသော အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ ဆားလင်းကြီးမြို့နယ်မှ ပြည်သူများက စစ်အာဏာရှင်အုပ်စိုးမှုကို ဆန့်ကျင်နိုင်ခဲ့သော သမိုင်းမှတ်တိုင်တစ်ခုအဖြစ်လည်း တွေ့ရှိရသည်။

ထို့ကြောင့် အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး စစ်တပ်ပိုင်ကုမ္ပဏီများနှင့် ဆက်နွယ်သော လုပ်ငန်းများကို ရပ်တန့်စေရန်ဆောင်ရွက်ရာတွင် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ CDM ပြုလုပ်သောဝန်ထမ်းများကိုလည်း အထူးပင် ကျေးဇူးတင်ထိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများ၏ လုပ်ရှားဆောင်ရွက်မှုများကြောင့် ယနေ့အချိန်အထိ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် လည်ပတ်နိုင်မှု မရှိဘဲရပ်တန့်နေသည်ကို ပြည်သူများ တွေ့မြင်ကြားသိပြီးဖြစ်ပေမည်။

အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးနောက် လက်ပံတောင်းတောင်စီမံကိန်းဝန်ထမ်းများ၏ တညီတညွတ်တည်း CDM လုပ်ဆောင်မှုကြောင့် စီမံကိန်းလုပ်ငန်းများ ရပ်တန့်သွားသော်လည်း စီမံကိန်းသည် ယခင်တူးဖော်ပြီးသော ကြေးနီများကို ဆက်လက်ထုတ်ရောင်းနေမှုရှိနေကြောင်းနှင့် ကိုဗစ်ကပ်ရောဂါနှင့် အာဏာသိမ်းမှုအား အကြောင်းပြပြီး စီမံကိန်းမှလုပ်ဆောင်ပေးရမည့် CSR လုပ်ငန်းများကို ရပ်တန့်ခဲ့ကြောင်း တွေ့ရှိရသည်။


Source– Tha Din

*“လုံခြုံရေးတွေအပြည့်အဝချပြီးတော့ ကြေးကားတွေထုတ်တယ်ပေါ့နော်။ ကျွန်တော်တို့ သိသလောက်ဆိုရင် ၄ ကြိမ်လောက်ရှိသွားပြီပေါ့နော်။ ကျွန်တော်တို့နားလည်ထားသလောက်အရ အစိုးရကရမယ့် ၅၁ ရာခိုင်နှုန်း ရှိတယ်။ အဲဒါတွေက ကုန်ကြမ်းအနေနဲ့ပဲ သူတို့ထားထားတဲ့ဟာတွေရှိတယ်။ အဲဒီမှာ ဒေသဖွံ့ဖြိုးရေး CSR တွေ CSD ဘတ်ဂျက်တွေကို ကျွန်တော်တို့ ဆွေးနွေးတဲ့အခါကြရင် ဒီပစ္စည်းတွေ မရောင်းရသေးလို့ပါဆိုပြီးတော့ ကြေးခွံတွေကို ထိုးထိုးပြတာပေါ့ဗျာ။ အခုတော့ ခေတ်ကပျက်နေတဲ့ အခြေအနေမျိုးမှာ အဲဒီပစ္စည်းတွေကို သူတို့က အပြင်ထုတ်ပြီးရောင်းနေတယ်လို့ကျွန်တော်တို့က ယူဆရတာပေါ့”*

“ဦးကိုအောင်အောင်” အမှတ်(၂)

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်

*လက်ပံတောင်းစီမံကိန်းက ထုတ်လုပ်ရေးကာလရောက်ရင် နှစ်ရာခိုင်နှုန်းသုံးမယ်လို့ သူတို့ ပြောထားတာလေ။ ဒါပေမယ့် လက်တွေ့မှာ မသုံးဘူး။ ၂၀၁၉-၂၀၂၀ အထိ နှစ်ရာခိုင်နှုန်း မသုံးသေးဘူး။ ကျွန်တော်သိသလောက်ကတော့ မသုံးသေးဘူး။ အဲဒါတွေက ပြောရရင် ပြီးခဲ့တဲ့အစိုးရ အားနည်းခဲ့တာလည်း အများကြီးပါတယ်။ ကျွန်တော်တို့ တွန်းလည်း တွန်း တွန်းပဲ။ စံပါယ်ကြေးစင်ဘက်မှာတော့ ကျွန်တော်တို့က နှစ်ရာခိုင်နှုန်းသုံးဖို့ တွန်းတဲ့အချိန်မှာ ဒေါ်လာနှစ်သိန်း ထပ်တိုးပေးတယ်။ ပထမ ငါးသိန်းပဲပေးတာ ကျွန်တော်တို့ ဆယ့်ရှစ်ရွာကို။ ၂၀၁၄ ကစပြီးတော့ ဒေါ်လာ*

*တစ်သန်းသုံးတာက ဝမ်ပေါင်ကို သုံးတာ။ ကိုဗစ်နဲ့ အာဏာသိမ်းကာလတွေမှာ CSR လုပ်ငန်းတွေ မလုပ်ဖြစ်ဘူး။ CSR မှာသုံးရမယ့်ငွေတွေကို ဘယ်လိုလုပ်ထားမှန်း၊ ဘယ်ကိုရောက်သွားမှန်းလည်း ကျွန်တော်တို့ မသိရဘူး။ ဒီတော့ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ CSR မှာ ဘယ်အချိန်အထိပဲရခဲ့တယ် နောင်နှစ်တွေအတွက်နဲ့ မရခဲ့တဲ့နှစ်တွေအတွက် ဒီဟာကို ဘယ်လိုပြန်လုပ်ပေးမလဲပေါ့။ CSR ငွေကြေတော့ အစိုးရကိုအပ်ထားတာ မဟုတ်ဘူးလေ။ ကုမ္ပဏီက ကိုင်ထားတာ။ ကုမ္ပဏီက ဘဏ်တစ်ခုမှာ account တစ်ခုနဲ့ ထည့်ထားတာ။ ပြည်သူနဲ့လက်တွဲလို့ရတဲ့ အစိုးရတက်လာရင် ဒါတွေကို ဖော်ထုတ်ရမှာပေါ့ဗျာ။ ကျွန်တော်တို့က ကျွန်တော်တို့ CSR နောက်ဆုံးသုံးရတဲ့နှစ်ကို အသေအချာ အချက်အလက်နဲ့ မှတ်ထားပြီးတော့ မသုံးရတဲ့နှစ်တွေအတွက် ပြန်တောင်းဆိုရမှာပေါ့။*

**"ကံကုန်းကျေးရွာ ဒေသခံတစ်ဦး"**

### အကြံပြုတိုက်တွန်းချက်များ

၁။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား လုပ်ဆောင်နေသော မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်သည် အာဏာသိမ်းစစ်တပ်အား ဝင်ငွေအဓိကရှာဖွေပေးနေသော ကုမ္ပဏီဖြစ်သောကြောင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ ရရှိသောငွေကြေးများသည် အာဏာသိမ်းစစ်တပ်ထံ စီးဝင်သွားသည်မှာ သိသာထင်ရှားသည်။ အာဏာသိမ်းစစ်တပ်၏ ဝင်ငွေရလမ်းဖြစ်သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား ရပ်ဆိုင်းအောင် လုပ်ဆောင်နိုင်ခဲ့ခြင်းသည် ပြည်သူများ၏ အောင်ပွဲတစ်ရပ်ဖြစ်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကဲ့သို့ အာဏာသိမ်းစစ်တပ်၏ အခြားသော စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နေကြသော ဝန်ထမ်းများ၊ ပြည်သူများသည်လည်း အာဏာသိမ်းစစ်တပ်၏ ပင်မစီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားအောင် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

၂။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်နှင့် ပူးပေါင်းလုပ်ဆောင်နေသော မြန်မာဝမ်ပေါင်ကုမ္ပဏီသည် အာဏာသိမ်းစစ်တပ်အား ကူညီထောက်ပံ့ပေးနေသော တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းဖြစ်သည်။ လက်ပံတောာင်းတောင်ကြေးနီစီမံကိန်းအား ရပ်ဆိုင်းအောင် လုပ်ဆောင်နိုင်ခဲ့ခြင်းသည် မြန်မာပြည်သူများ၏ဆန္ဒနှင့် အခြေအနေအား အလေးမထားဘဲ မိမိ၏အကျိုးစီးပွားကိုသာကြည့်၍ အာဏာသိမ်းစစ်တပ်အား ကူညီထောက်ပံ့ပေးနေသော တရုတ်နိုင်ငံကိုလည်း ၎င်းတို့၏လုပ်ရပ်များအား ပြန်လည်သုံးသပ်ရန် သွယ်ဝိုက်သတိပေးနိုင်ခဲ့သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ တရုတ်၏အခြားစီးပွားရေးလုပ်ငန်းများ ရပ်တန့်သွားအောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေလုပ်ဆောင်သင့်သည်။

*"လက်ပံတောင်းကတော့ ရပ်သွားပေမယ့် စံပယ်နှင့်ကြေးစင်နဲ့ မိုးကြိုးဆာလဖျူရစ်အက်စစ်စက်ရုံတွေကတော့ မရပ်ပဲ ဆက်လည်ပတ်နေတယ်။ ကျွန်တော့အမြင်ကတော့ အဲဒါတွေကိုလည်း ရပ်သွားအောင် လုပ်မယ့်နည်းလမ်းပေါင်းစုံရှိပါတယ်။ ရှိပေမဲ့လည်း ကျွန်တော်တို့ ကမ္ဘာနိုင်ငံရေး ဇာတ်ခုံမှာကကြတော့ ပွင့်ပွင့်လင်းလင်းပြောရရင် မြန်မာပြည်မှာ တရားဝင်လာလုပ်နေတဲ့ ကုမ္ပဏီဖြစ်နေတော့ သူကောင်းတာမကောင်းတာအပထားပေါ့နော် တစ်ခုခုလုပ်လိုက်တယ်ဆိုရင် ကျွန်တော်တို့က အကြမ်းဖက်အဖွဲ့ဖြစ်သွားမှာ။ အဲ့ဒါလည်း ကျွန်တော်တို့ တစ်ချက် စဉ်းစားတယ်ဗျ။*

***NUG အကြမ်းဖက်အဖွဲ့အဖြစ် အမဲစက်မဖြစ်အောင် ကျွန်တော်တို့က အဓိကရည်ရွယ်လုပ်ရတာပေါ့။ ဘာမှထည့်မတွက်ဘဲ လုပ်ချင်ရင် လွယ်ပါတယ် အခု လုပ်လို့ရတယ် သူတို့ရပ်သွားအောင် လုပ်လို့ရတယ်။ မီးလောင်အောင် လုပ်လို့လည်းရတယ်။ သို့သော်လည်း ခုနက ကျွန်တော်ပြောသလိုပေါ့ တော်လှန်ရေးကာလမှာ ကျွန်တော်တို့ NUG အစိုးရကို အမဲစက်မထင်စေမထင်စေချင်ဘူးဗျ။ ဒါကြောင့် ကျွန်တော်တို့လည်း ချိန်ဆပြီး ကြည့်နေရတာပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့ ကျွန်တော်တို့က တစ်နေ့နေ့ တစ်ချိန်ချိန်တော့ တရုတ်ကုမ္ပဏီ နှင့် ဦးပိုင်ကုမ္ပဏီက ပူးပေါင်းလုပ်နေတဲ့ ဒီစီမံကိန်းကိုတော့ ရပ်ဆိုင်းအောင်လုပ်ဖို့ ရည်ရွယ်ချက်ရှိပါတယ်”***

“ဦးစောမောင်”

ဆာလင်းကြီးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်




၃။ စံပါယ်၊ ယန်စီနှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းများအတွက် ဆာလ်ဖျူရစ်အက်စစ်ထုတ်လုပ်နေသော မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်၏ မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံသည် စတင်လည်ပတ်စဉ်ကတည်းက စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရပဲ လည်ပတ်ခဲ့သော စက်ရုံဖြစ်သည်။ နိုင်ငံတကာသတ်မှတ်ချက်အရ အန္တရာယ်ရှိသော ဓာတုဗေဒပစ္စည်းစက်ရုံဖြစ်ပြီး ကံကုန်းကျေးရွာအနီး လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် နီးကပ်စွာတည်ဆောက်လည်ပတ်ခဲ့သောကြောင့် ကံကုန်းကျေးရွာသူ/သားများ၊ ကျောင်းသူ/သားများသည် ကျန်းမာရေးဆိုးဝါးစွာထိခိုက်ခံစားခဲ့ရသည်။ မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံအား ပိတ်သိမ်းရပ်ဆိုင်းပစ်ရန် ကံကုန်းကျေးရွာသူ/သားများက တောင်းဆိုခဲ့ကြသော်လည်း စက်ရုံသည် ယခုအချိန်ထိ ဆက်လက်လည်ပတ်နေဆဲဖြစ်သည်။ အန္တရာယ်ရှိသော ဓာတုဗေဒပစ္စည်းစက်ရုံဖြစ်ပြီး လူနှင့်သဘာဝပတ်ဝန်းကျင်အား ဆိုးရွားစွာထိခိုက်ပျက်စီးစေသော မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံအား NUG ( သို့မဟုတ် ) နောင်တက်လာမည့် အစိုးရလက်ထက်တွင် အပြီးတိုင်ပိတ်သိမ်းရပ်ဆိုင်းရန် လိုအပ်ပါသည်။




၄။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ရပ်ဆိုင်းသွားအောင် လုပ်ဆောင်နိုင်ခဲ့သူများမှာ စီမံကိန်းတွင်ဝင်ရောက်လုပ်ကိုင်နေသော CDM ဝန်ထမ်းများဖြစ်သည်။ စီမံကိန်းဝန်ထမ်းများသည် ပုဂ္ဂလိကဝန်ထမ်းများဖြစ်သော်လည်း ၎င်းတို့ရရှိနေသော မြင့်မားသည့်လစာများနှင့် ခံစားခွင့်များကို စွန့်လွှတ်ပြီး အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သောကြောင့် CDM လုပ်ဆောင်ခဲ့ကြသော အစိုးရဝန်ထမ်းများနှင့်တန်းတူ တန်ဘိုးထားရမည်ဖြစ်ပြီး NUG အနေဖြင့် အသိအမှတ်ပြုရန်နှင့် စောင့်လျှောက်ပေးရန်တာဝန်ရှိပါသည်။

၅။ နောင်တက်လာမည့်အစိုးရသည် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၊ စံပါယ်နှင့် ကြေးစင်စီမံကိန်းများကို ဒေသခံပြည်သူများလက်ခံနိုင်ပြီး ဒေသခံများအတွက် အမှန်တကယ်အကျိုးရှိစေမည့် စီမံကိန်းများအဖြစ် ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးသင့်ပါသည်။ ထို့အပြင် နောင်တစ်ချိန်တွင် မြန်မာနိုင်ငံတွင်လုပ်ကိုင်မည့် သယံဇာတတူးဖော်မှုစီမံကိန်းများကိုလည်း သေချာဆန်းစစ်ပြီး နိုင်ငံအတွက်အမှန်တကယ်အကျိုးအမြတ်ရရှိပြီး သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဒေသခံများ၏သဘောတူညီမှုရရှိမှသာ လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။

***"စီမံကိန်းနဲ့ ဒီကထွက်တဲ့သယံဇာတတွေက ကျွန်တော်တို့တိုင်းပြည်နဲ့ လူမျိုးအတွက်ပဲ ဖြစ်စေချင်တယ်။ အခုက စစ်တပ်နဲ့တရုတ်တွေပဲ ကောင်းစားနေကြတယ်။ ဖြစ်နိုင်ရင်တော့ စီမံကိန်းကို ရပ်ဆိုင်းပစ်လိုက်စေချင်တယ်။ ရပ်ဆိုင်းမှုတွေလုပ်လိုက်ရင် နောက်တက်မယ့်အစိုးရ၊ ပြည်သူ့အစိုးရတက်ခဲ့ရင်တော့ အခက်အခဲတွေဖြစ်မှာလည်း စိုးတယ်။ ဒီတော့ စီမံကိန်းကို မဖြစ်မနေလုပ်ရမယ့်အနေအထားရှိရင်တော့ ဖြစ်စေချင်တာကတော့ အများကြီးရှိတယ်။ လယ်ယာမြေတွေနဲ့ ပတ်သက်ပြီးတော့ အမှန်အကန်စီစစ်စေချင်တယ်။ အထူးသဖြင့် ကျွန်တော်တို့ မိုးကြိုးပြင်ဘက်မှာ အများကြီးနစ်နာထားတဲ့လူတွေရှိတယ်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ခဲ့တဲ့ လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာ လုပ်တုန်းက မြေပြင်မှာလက်တွေ့ကွင်းဆင်းတာ လုပ်ဆောင်တာ အားနည်းခဲ့တယ်။ နောက်ပြီး တခြားအားနည်းချက်တွေလည်း အများကြီးပဲ။ အားနည်းချက်တွေအများကြီးရှိခဲ့တဲ့ကြားက NLD အစိုးရတက်လာတော့လည်း အဲဒီအစီရင်ခံစာကို လိုက်မလုပ်ပေးခဲ့တာ အများကြီး။ နောင်တချိန် ပြည်သူ့အစိုးရတက်လာတဲ့အခါ လက်တွေ့ကျကျမြေပြင်ကွင်းဆင်းမှုတွေ၊ စုံကော်အစီရင်ခံစာထက် ပိုပြီးပြည့်စုံကောင်းမွန်တဲ့ အစီရင်ခံစာတွေ အသစ်ပြန်လုပ်စေချင်တယ်။ "***

**"မိုးကြိုးပြင်ကျေးရွာ ဒေသခံတစ်ဦး"**

၆။ စံပယ်တောင်မိုင်းပိတ်သိမ်းခြင်းကို ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်လုပ်ဆောင်သည်ဖြစ်ရာ မိုင်းပိတ်သိမ်းသည့်လုပ်ငန်းဆောင်ရွက်နေသည်မှာ ယခုအခါ ၈ နှစ်ကြာမြင့်လာပြီဖြစ်သည်။ စံပါယ်တောင်မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဩစတေးလျနိုင်ငံ Knight Pie'sold ( KP) ကုမ္ပဏီ၏ Guide Line နှင့်အညီ မိုင်းပိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု မြန်မာယန်စီက ဆိုသော်လည်း မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းစဉ်အား ပြင်ပပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ဝင်ရောက်ကြည့်ရှုခွင့်မရခဲ့ခြင်း၊ မိုင်းပိတ်သိမ်းသည့်လုပ်ငန်းသည် ပွင့်လင်းမြင်သာမှုမရှိဘဲ စည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ဆောင်မှုအားနည်းကြောင်း ဒေသခံများမှ ဝေဖန်ခဲ့ကြသည်။ ယခုအချိန်တွင်လည်း မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းကို မည်သို့ဆောင်ရွက်နေကြောင်း မသိရပေ။ မြန်မာယန်စီသည် စံပါယ်တောင်မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းကို စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ဆောင်ရန်နှင့် ၎င်း၏မိုင်းပိတ်သိမ်းမှုလုပ်ဆောင်ချက်များကို NUG ( သို့မဟုတ် ) နောင်တက်လာမည့်အစိုးရက ပြန်လည်စစ်ဆေးရန်လိုအပ်ပါသည်။

၇။ စံပါယ်တောင်နှင့်ကြေးစင်တောင်ကြေးနီစီမံကိန်း၏ မြေငှားရမ်းခမှာ ( ၁ ) စတုရန်းကီလိုမီတာ ( ၂၄၇.၁၀၅ ဧက ) လျှင် ကျပ်သိန်း ( ၃၀ ) ခန့်ဟု ဖော်ပြထားသောကြောင့် ( ၁ ) ဧကအတွက် တစ်နှစ်မြေငှားရမ်းခ ကျပ် ( ၁၂၀၀၀ ) ကျော်ခန့်သာ နိုင်ငံတော်က ရရှိကြောင်း တွေ့မြင်ရသည်။ လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းစီမံကိန်း၏ မြေငှားရမ်းခမှာ မြေဧရိယာ ( ၈၈၆၇ ) ဧကအား တစ်နှစ်လျှင် မြေငှားရမ်းခ ( ၂၈၃၂၁၂၀ ) ကျပ်နှုန်းဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ကြေးနီသတ္တုတွင်းလုပ်ငန်း ( မုံရွာ ) အမည်ဖြင့် နိုင်ငံတော်သို့ မြေငှားရမ်းခများပေးသွင်းပြီးဖြစ်သောကြောင့် ( ၅-၉-၂၀၁၂ မှ ၆-၉-၂၀၇၂ ) အထိ နှစ်( ၆၀ ) မြေငှားဂရန် ထုတ်ပေးခဲ့သည်ကို တွေ့ရသည်။ မြေဧက ( ၈၈၆၇) ဧကတွင် မြေငှားရမ်းခ ( ၂၈၃၂၁၂၀ ) ကျပ်ဖြစ်သောကြောင့် တစ်နှစ်လျှင် မြေတစ်ဧကငှားရမ်းခမှာ ကျပ် ( ၃၆၀ ) ခန့်သာကျသင့်နေကြောင်း တွေ့ရသည်။ စံပါယ်ယန်စီကြေးနီစီမံကိန်းနှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း မြေငှားရမ်းခများသည် လက်ရှိခေတ်ကာလ ဈေးနှုန်းနှင့်သော်လည်းကောင်း၊ အခြားစီမံကိန်းမြေများ၊ စက်ရုံများမြေငှားရမ်းခများနှင့်သော်လည်းကောင်း နှိုင်းယှဉ်ကြည့်ပါက လွန်စွာနည်းပါးသည်ကို တွေ့ရသည် ( စီမံကိန်းများသည် နောက်ပိုင်းတွင် မူလသိမ်းဆည်းမြေများထဲမှ အနည်းငယ်ကို ပြန်လည်စွန့်လွှတ်ခဲ့သော်လည်း စွန့်လွှတ်မြေအကျယ်အဝန်းသည် အနည်းငယ်သာဖြစ်သောကြောင့် မြေငှားရမ်းခသည် များစွာပြောင်းလဲမသွားပေ)။



**အိတ်ဖွင့်တင်ဒါအမှတ်စဉ် ၁/၂၀၂၁-၂၀၂၂ ခေါ်ယူခြင်း**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ **ကက်သုတ်ကြေးနီ**များကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည် ဖြစ်ပါသည် -
(က) **ကက်သုတ်ကြေးနီ (၃၀၀၀)မက်ထရစ်တန် (13) Lot**
Group (1)(1) Lot လျှင် (၁၀၀) တန်စီဖြင့် 5 Lots မုံရွာ၊ Mine Site
Group (2)(1) Lot လျှင် (၂၀၀) တန်စီဖြင့် 5 Lots မုံရွာ၊ Mine Site
Group (3)(1) Lot လျှင် (၅၀၀) တန်စီဖြင့် 3 Lots မုံရွာ၊ Mine Site
ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးကို တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်းပါ ကက်သုတ်ကြေးနီတစ်တန်ဈေးနှုန်း (**Unknown Price**) အပေါ်တွင် အခြေခံ၍ Premium အများဆုံးပေးပြီး သယ်ယူခ၊ တင်ချခ စရိတ်များအတွက် ကုန်ကျစရိတ်ကို အနည်း ဆုံးပေးသွင်းနိုင်သည့် (LME + Premium - သယ်ယူစရိတ်) ကုမ္ပဏီကို တင်ဒါ အောင်မြင် သူအဖြစ် သတ်မှတ်မည်။
၂။ တင်ဒါပိတ်ရက်မှာ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့ (၁၃:၀၀)နာရီဖြစ်ပြီး (၁၅:၀၀) နာရီတွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို နေပြည်တော်၊ ရုံးအမှတ် (၁၃) ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ၊ ဖြည့်တင်းထိန်းသိမ်းရေးနှင့်ဝယ်ယူရောင်းချရေးဌာနခွဲ ၊ ဖုန်း ၀၆၇- ၃၄၀၉၃၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါကော်မတီ
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

၈။ အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီး နိုင်ငံရေးမတည်မငြိမ်ဖြစ်နေချိန်တွင် မြန်မာဝမ်ပေါင်ကုမ္ပဏီသည် ယခင်အစိုးရလက်ထက်က စုဆောင်းထားခဲ့သော ကြေးနီများကို ထုတ်ရောင်းနေသည်ဟု သိရသည်။ ထို့ကြောင့် NUG အစိုးရသည် ယခင်အစိုးရလက်ထက် ( NLD အစိုးရလက်ထက် ) က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် စုဆောင်းထားရှိခဲ့သော ကြေးတန်ချိန်အရေအတွက်ကို တရားဝင်ထုတ်ပြန်ပြီး ထိုကြေးနီများကို နိုင်ငံရေးမတည်မငြိမ်ဖြစ်ချိန်တွင် ရောင်းချခြင်းမပြုလုပ်ရန် မြန်မာဝမ်ပေါင်ကုမ္ပဏီအား သတိပေးအကြောင်းကြားသင့်ပါသည်။

၉။ စံပါယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းများက စီမံကိန်းတည်ရှိရာကျေးရွာများတွင် လုပ်ဆောင်ပေးသော CSR ( Coporate Social Responsibility ) လုပ်ငန်းများသည် လုပ်ငန်းစတင်စဉ်ကတည်းက ပွင့်လင်းမြင်သာမှု မရှိခဲ့ပေ။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ( CSR ) အတွက် စီမံကိန်းလုပ်ငန်းများ မစတင်မီ တည်ဆောက်ရေးကာလတွင် နှစ်စဉ် အမေရိကန်ဒေါ်လာတစ်သန်း၊ မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာတစ်သန်းနှင့် ထုတ်လုပ်မှုကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နှစ်စဉ် အသားတင်အမြတ်၏ ၂ ရာခိုင်နှုန်း အချိုးကျထည့်ဝင်သုံးစွဲမည်ဟု မြန်မာဝမ်ပေါင်မှ ထုတ်ပြန်ထားသည်။ စံပါယ်တောင်နှင့် ကြေးစင်တောင်စီမံကိန်းတွင် CSR လုပ်ငန်းများအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၇ သိန်းအသုံးပြုသည်ဟု မြန်မာယန်စီမှ ထုတ်ပြန်ထားသည်။ စီမံကိန်းများဘက်မှ ထိုသို့ထုတ်ပြန်ထားသော်လည်း CSR ရန်ပုံငွေများကို ကုမ္ပဏီဘက်မှသာ ဘဏ်တွင်အကောင့်ဖွင့်ပြီး ချုပ်ကိုင်ထားခြင်း၊ CSR တွင်အသုံးပြုသောငွေကြေးများကို ကုမ္ပဏီက ထိန်းချုပ်စီမံခြင်းနှင့် CSR လုပ်ငန်းများဖော်ဆောင်ပေးမည့် ကျေးရွာများကို ကုမ္ပဏီကရွေးချယ်ရာတွင် ဘက်လိုက်မှုများရှိနေခြင်း ( စီမံကိန်းအား ပြင်းပြင်းထန်ထန်ဆန့်ကျင်သော ကျေးရွာများတွင် CSR ဖော်ဆောင်မှုကို လျော့နည်းလုပ်ဆောင်ခြင်း ) စသည်တို့ကြောင့် CSR လုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုမရှိခဲ့ပေ။ ကိုဗစ်ကပ်ရောဂါနှင့် စစ်တပ်မှအာဏာသိမ်းပြီးနောက် ယခုချိန်အထိလည်း ကုမ္ပဏီက CSR လုပ်ငန်းများကို ရပ်တန့်ထားကြောင်း သိရသည်။ ထို့ကြောင့် နောင်တချိန်တက်လာမည့်အစိုးရ ( သို့မဟုတ် ) NUG အစိုးရအနေဖြင့် လက်ပံတောင်း၊ စံပါယ်နှင့် ကြေးစင်တောင် ကြေးနီစီမံကိန်းများ၏ CSR လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရန် ( CSR ရန်ပုံငွေများကို ကုမ္ပဏီဘက်မှ ထိန်းချုပ်ထားသောဖြစ်ရပ်များ မဖြစ်စေရန်နှင့် CSR လုပ်ငန်းများဖော်ဆောင်ရာတွင် ဘက်လိုက်မှုမရှိစေရန် )၊ ကိုဗစ်ကပ်ရောဂါနှင့် အာဏာသိမ်းကာလအတွင်း ရပ်တန့်ထားသော CSR လုပ်ငန်းများ၏ ရန်ပုံငွေများကို ပြန်လည်စစ်ဆေးရန်၊ နောင်တွင် မြန်မာနိုင်ငံ၌ လုပ်ကိုင်မည့်စီမံကိန်းကြီးများနှင့် သယံဇာတတူးဖော်သည့်စီမံကိန်းများ၏ CSR လုပ်ငန်းများကို ယခုကဲ့သို့ မဖြစ်စေရန် ပြုပြင်သင့်ပါသည်။



၁၀။ စံပါယ်တောင် နှင့် ကြေးစင်တောင်၊ လက်ပံတောင်းတောင် စီမံကိန်းအပါအဝင် မည်သည့်စီမံကိန်း တွင်မဆို စာချုပ်၊ စာတမ်း ပွင့်လင်းမြင်သာမှုသည် စစ်တပ်အာဏာသိမ်းစဉ်ကာလတွင်ပင်မဟုတ်ဘဲ မည်သည့်အချိန်တွင်ပင်မဆို နိုင်ငံအတွက် လည်းကောင်း ဒေသအတွက်လည်းကောင်း လိုအပ်ချက် တစ်ရပ်ဖြစ်နေသည်ကို တွေ့ရှိနေရသည်။ ထို့ကြောင့် လက်ရှိ စံပါယ်နှင့် ကြေးစင်တောင်၊ လက်ပံတောင်းဒေသရှိ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များက ထိုစာချုပ်များကိုချပြရန်ကြိုးစားသင့်သလို NUG အနေဖြင့်လဲ နောင်အနာဂတ်တွင် မြန်မာနိုင်ငံသယံဇာတကဏ္ဍတွင်ရှိသော မည်သည့်စီမံကိန်းကိုမဆို ချပြမည်ဖြစ်ကြောင်း NUG အနေဖြင့် ပြည်သူများကို ကတိကဝတ်ပြုသင့်ပါသည်။

၁၁။ စီမံကိန်းများနှင့်ပတ်သက်၍ အစိုးရတိုင်းတွင် တာဝန်အပြည့်အဝရှိသည်။ အုပ်ချုပ်သူအစိုးရသည် ပြည်သူများ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ကာကွယ်ပေးရမည်ဖြစ်သည်။ သို့သော် တက်လာသည့် အစိုးရတိုင်းက ကာကွယ်မပေးခဲ့ပေ။ စီမံကိန်းဧရိယာအတွင်း ပါဝင်နေသောကြောင့်ဟုဆိုကာ ဝက်မွေး၊ ကံတော၊ ဆည်တည်းနှင့် ဇီးတော ကျေးရွာလေးရွာကို အတင်းအဓမ္မဖိအားပေးဖယ်ရှားပစ်ခဲ့သည်။ လက်ပံတောင်းတောင်စီမံကိန်းသည် စတင်လုပ်ဆောင်ခဲ့စဉ်ကတည်းက တရားမျှတမှုမရှိသောကြောင့် ဝက်မွေးရွာဟောင်းနှင့် ဆည်တည်းကျေးရွာသူ/ ရွာသားများသည် စီမံကိန်းနှင့် အစိုးရအဆက်ဆက်၏ အနိုင်ကျင့် ဖိအားပေးမှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး ယခုချိန်ထိ မဖယ်ရှားဘဲ တင်းခံနေခဲ့ကြခြင်း ဖြစ်သည်။ နောင်တွင်လည်း ဘယ်တော့မှ ရွှေ့ပြောင်းပေးမည် မဟုတ်ပေ။ ဝက်မွေးရွာဟောင်းနှင့် ဆည်တည်းကျေးရွာသူ/ ရွာသားများ၏ ယခုကဲ့သို့ မပြောင်းရွှေ့ဘဲ တင်းခံရပ်တည်နေမှုသည် စီမံကိန်း၏တရားမမျှတမှုနှင့် အစိုးရအဆက်ဆက်၏ အနိုင်ကျင့်ဖိနှိပ်မှုများကို ဆန့်ကျင်တွန်းလှန်နေသော အကောင်းဆုံးပြယုဂ်တစ်ခုဖြစ်သည်။ အာဏာရှင်စနစ်တစ်မျိုးကို တွန်းလှန်မှုလည်းဖြစ်သည်။ ယခု စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက် တွန်းလှန်ရာတွင်လည်း ဝက်မွေးကျေးရွာဟောင်း၊ ဆည်တည်းကျေးရွာသူ/ရွာသားများနှင့် လက်ပံတောင်းစီမံကိန်းဒေသရှိ ပြည်သူများသည် ထိပ်ဆုံးမှပါဝင်ခဲ့ကြသည်။ တော်လှန်ရေးကာလတွင် အင်အားပြည့်ပါဝင်နေသော ဝက်မွေးကျေးရွာဟောင်း၊ ဆည်တည်းကျေးရွာသူ/ရွာသားများနှင့် လက်ပံတောင်းစီမံကိန်းရှိရာ ဒေသနေပြည်သူများကို လေးစား အသိအမှတ်ပြုသောအားဖြင့် စီမံကိန်းကလက်ရှိခြံခတ်ပြီးသော ဧရိယာမှ ဆက်ပြီးမတိုးချဲ့ရန် NUG အစိုးရအနေဖြင့် စီမံကိန်းဘက်ကို သတိပေးတားမြစ်ချက်ထုတ်ရန် လိုအပ်သည်။ ထို့အပြင် ပြည်သူများရွေးကောက်တင်မြှောက်သော တရားဝင်အစိုးရ ( သို့မဟုတ် ) NUG အစိုးရလက်ထက်တွင် ဝက်မွေးရွာဟောင်းနှင့် ဆည်တည်းကျေးရွာများကို မူလနေရာတွင် ဆက်လက်နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ကတိကဝတ် ပြုသင့်သည်။



Source– Lwin Pyin

၁၂။ လက်ပံတောင်းတောင်၊ စံပါယ်တောင်နှင့် ကြေးစင်တောင်ကြေးနီစီမံကိန်းဧရိယာများအတွင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကိုထုတ်ပြန်ထားခဲ့ပြီး ထိုပုဒ်မကိုအသုံးပြု၍ စီမံကိန်းဧရိယာအား ကန့်သတ်နယ်မြေအဖြစ်သတ်မှတ်ကာ စီမံကိန်းအား ဆန့်ကျင်ကန့်ကွက်သော ကျေးရွာသားများအား ထိုပုဒ်မဖြင့် ဖမ်းဆီးတရားစွဲဆိုသည့်ဖြစ်ရပ်များ ရှိခဲ့သည်။ အုပ်ချုပ်သူအစိုးရနှင့် စီမံကိန်းများက တရားဥပဒေအား ၎င်းတို့လိုရာဆွဲအသုံးပြုပြီး ဖိနှိပ်သောလုပ်ရပ်များကို နောင်တက်လာမည့် အစိုးရ ( သို့မဟုတ် ) NUG အနေဖြင့် ရှောင်ရှားသင့်ပါသည်။

၁၃။ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြုပ်နှံသော နိုင်ငံခြားရင်းနှီးမြုပ်နှံမှုစီမံကိန်းများနှင့် သယံဇာတ တူးဖော်ထုတ်လုပ်သော စီမံကိန်းများကိုဆောင်ရွက်ရာတွင် နောင်တက်လာမည့်အစိုးရများသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို နမူနာထားသုံးသပ်ပြီး နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများသည် လူ့အခွင့်အရေးချိုးဖောက်မှုများမဖြစ်စေရန်၊ နိုင်ငံအတွက် အမှန်တကယ်ရှိသင့်ရှိထိုက်သော သယံဇာတ စီမံခန့်ခွဲမှု နှင့် မူဘောင်များကိုသတ်မှတ်ပြီး အများသဘောတူလက်ခံနိုင်သော သယံဇာတမူဝါဒများကို ရေးဆွဲ ထားရှိရန် လိုအပ်သ ည်။

၁၄။ လက်ပံတောင်း၊ စံပါယ်နှင့်ကြေးစင် စီမံကိန်းများမှရရှိသော အကျိုးအမြတ်များသည် ပြည်သူနှင့်သာသက်ဆိုင်ပြီး အကြမ်းဖက်စစ်တပ်သည် စီမံကိန်းများမှ အကျိုးအမြတ်များနှင့် လုံးဝမသက်ဆိုင်ပေ။ ထို့ကြောင့် အကြမ်းဖက်စစ်တပ်သည် ထိုစီမံကိန်းများမှ အကျိုးခံစားခွင့် လုံးဝမရအောင် နောင်တချိန်တွင် ( NUG အစိုးရလက်ထက်တွင် ) စီမံကိန်းချုပ်များကို မဖြစ်မနေ ပြန်လည်ပြင်ဆင်ချုပ်ဆိုရန် လိုအပ်သည်။ ထိုကဲ့သို့ ပြန်လည်ပြင်ဆင်ချုပ်ဆိုပါက ထုတ်လုပ်မှုအပေါ်ခွဲဝေသောစာချုပ်အရ နိုင်ငံတော်အနေဖြင့် ၇၀ ရာခိုင်နှုန်းအထိ ရရှိလာနိုင်ပြီး နိုင်ငံတော်နှင့် ပြည်သူများသည် စီမံကိန်းမှ အကျိုးအမြတ်များ ပိုမိုရရှိခံစားလာနိုင်မည်ဖြစ်သည်။


**Source– Myanmar Today News**

# စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကြေးနီမိုင်းများ၏ လက်ရှိအခြေအနေ




CITIZEN ACTION FOR TRANSPARENCY
CAfT
MYANMAR